# Biblical Reflection 8:
# (In Burmese)

ယေရှုခရစ်ကို သေခြင်းမှထမြောက်စေတော်မူသောအားဖြင့်၊ ကြီးစွာသော ကရုဏာတော်နှင့်အညီ ငါတို့ကို တဖန်ဖြစ်ဘွားစေတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူ စေသတည်း။ (ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၁း၃)
မင်္ဂလာရှိသော ရှင်ပြန်ထမြောက်ရာ(အီစတာ)နေ့ဖြစ်ပါစေ…



လွန်ခဲ့တဲ့ ၂လအတွင်း ကြောက်မက်ဖွယ်၊ ရက်စက်ဖွယ်၊ မဲမှောင်ဆုံးသော နေ့ရက်များကိုဖြတ်သန်းခဲ့ရသော် ငြား အီစတာနေ့ ကျရောက်ခြင်းနှင့်အတူ ကျွန်ုပ်တို့ကိုးကွယ်သော ဘုရား၏ရှင်ပြန်ထမြောက်ခြင်းကို ပြန်လည်အမှတ်ရစေပါတယ်။ ကျွန်ုပ်တို့ထဲက အရဲရင့်ဆုံးသောသူများကို မကောင်းမှုက ဖြိုချဖျက်ဆီးနိုင် သော်လည်း ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကိုကြည့်ခြင်းအားဖြင့် မကောင်းမှုကို ကောင်းမှုကအနိုင် ရမည်၊ အမုန်တရားသာအနိုင်ရမည်၊ ဘုရားတန်ခိုးတော်က သေခြင်းတန်ခိုးကိုအနိုင်ရမည်ဖြစ်ကြောင်း သက်သေထူလျက်ရှိပါသည်။
လူသားအနေဖြင့် မပြည့်စုံခြင်းများရှိနေလင့်ကစား၊ စိတ်ပျက်အားငယ်ချိန်၌ ဘုရားထံအော်ဟစ်အကူ အညီတောင်းခံနိုင်သည်။ ဒုက္ခပြင်းစွာရောက်နေပြီး၊ ဘုရားမကူညီဘူးဟူ၍ တွေးတောနေလင့်ကစား ဘုရား ကိုသာယုံကြည်မည်ဟု ရွေးချယ်နိုင်ပါသည်။ ယုံကြည်ခြင်း၊ ဆုတောင်းခြင်းဖြင့် ရှင်ပြန်ထမြောက်ခြင်းတန်ခိုး တော်ကို ရရှိခံစားနိုင်ပါသည်။
စိတ်ပျက်မှု၊ကြောက်ရွံ့မှု၊ဝမ်းနည်းမှုများကြောင့် အရှုံးမပေးပါနှင့်။
သခင်ယေရှုကိုမိမိကယ်တင်ရှင်အဖြစ်ဝန်ခံ သူတိုင်းကို မကောင်းမှုစွမ်းအားများက ဘယ်သောအခါမျှလွှမ်းမိုးနိုင်မည်မဟုတ်ပေ။ သခင်ယေရှုခရစ်အား ဖြင့် ကျွန်ုပ်တို့မျှော်လင့်ခြင်း အမြဲရှိမည်ဖြစ်သည်။
(မာသကိုမေးသည်မှာ) ယေရှုကလည်း ငါသည်ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သော သူသည် သေလွန်သော်လည်းရှင်လိမ့်မည်။

ငါ့ကိုယုံကြည်၍အသက်ရှင်သော သူရှိသမျှ တို့သည်လည်း သေခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။
ငါ့စကားကိုယုံသလောဟုမေးတော်မူလျှင်… (ရှင်ယောဟန် ၁၁း၂၅-၂၆)
ခရစ်တော်၏မေတ္တာဖြင့်
Dr. Tim @ ဦးထင်ကျော်